DENVER PUBLIC SCHOOLS
Discover a World of Opportunity™

# အကဲဖြတ်ခြင်းများအတွက် မိဘလမ်းညွှန်

## ဘာသာစကားများကျွမ်းကျင်မှုတွင်စွမ်းဆောင်နိုင်ခြင်းအတွက် အကဲဖြတ်စစ်ဆေးမှု (AAPPL)

Denver အစိုးရကျောင်းများ (DPS) သည်ဘာသာစကားသည် ဘာသာစကားနှင့် ယဉ်ကျေးမှုမျိုးစုံ၏ ပိုင်ဆိုင်မှုနှင့်တန်ဖိုးဖြစ်သည်ဟု ယုံကြည်သည်။ ကျွန်ုပ်တို့သည် ကျောင်းသားများကို စာပေတတ်မြောက်ဘွဲ့ယူရာတွင် ဘာသာစကားတစ်ခုထက်ပို၍ တတ်စေချင်သည်။ ၂၀၁၅-၂၀၁၆ ကျောင်းနှစ်မှစတင်၍ DPS သည် ဘာသာစကားနှစ်ခု (သို့) နှစ်ခုထက်ပို၍ကျွမ်းကျင်သော ကျောင်းသားများကို တရားဝင်အသိအမှတ်ပြုရန်အတွက် ဘာသာစကား နှစ်မျိုးတတ်ကျွမ်းမှုဆု အစီအစဉ်တံဆိပ်ကို လုပ်ဆောင်ပေးသည်။ AAPPL စာမေးပွဲသည် ကျောင်းသားတစ်ယောက်က ဘာသာစကားတစ်ခုကို ကျွမ်းကျင်ကြောင်း ပြသရန်သုံးသော ရွေးချယ်မှုတစ်ခုဖြစ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဟာဘာပါလဲ?

AAPPL စာမေးပွဲသည် ကျောင်းသား၏ အဖတ်၊ အရေး၊ အပြောနှင့် နားထောင်ခြင်းတို့တွင် စွမ်းဆောင်နိုင်မှုအဆင့်ကို အကဲဖြတ်သော ကွန်ပြူတာအခြေခံသည့် ၂ နာရီ စာမေးပွဲ တစ်ခုဖြစ်သည်။ ထို AAPPL တိုင်းတာမှုသည် ဘာသာစကားများ သင်ယူမှုအတွက် ကမ္ဘာ့အဆင့်မီမှု စံချိန်စံညွှန်းများ ကိုဖော်ပြပြီး ဘာသာစကား စွမ်းရည်ကို ပြသရန် ဗွီဒီယိုဖြင့် ခေါ်ဆိုခြင်း၊ wikis အချက်အလက်များ ဖန်တီးခြင်း၊ အီးမေးလ်၊ နှင့် အက်ပ်များအသုံးပြုခြင်း စသော လုပ်ငန်းတာဝန်များကို ဖြေဆိုသူများ ပါဝင်လုပ်ဆောင်နိုင်သည့် ယနေ့ ဆက်သွယ်ရေး မီဒီယာကို အသုံးပြုသည်။
ထိုစာမေးပွဲသည် အောက်ပါဘာသာစကားများကိုစစ်ဆေးသည်။ အာရပ်၊ တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ဟိန္ဒီ၊ အီတာလီယန်၊ ဂျပန်၊ ကိုရီးယား၊ ပေါ်တူဂီ၊ ရုရှား၊ စပိန် နှင့် ယိုးဒယား။ AAPPL စာမေးပွဲသည် ဘာသာစကားနှစ်မျိုး တတ်ကျွမ်းမှုဆု အစီအစဉ်မှ စာမေးပွဲများအတွက် အခကြေးငွေကိုပေးသောကြောင့် ကျောင်းသားများအတွက် အခမဲ့စာမေးပွဲဖြစ်သည်။

## ကျွန်ုပ်၏ကလေးကို ဘယ်တော့စစ်ဆေးပါမည်လဲ?

ကျောင်းသားများသည် AAPPL စာမေးပွဲကို ဖြေဆိုရန်မလိုပါ၊ သို့သော် ကျောင်းသားတစ်ယောက်သည် စာမေးပွဲမှပံ့ပိုးသော ဘာသာစကား နှစ်မျိုး တတ်ကျွမ်းမှုဆုရရန် အထောက်အပံ့ပေးသည့် ဘာသာစကားတစ်ခုကို ကျွမ်းကျင်ကြောင်းပြသရန် ရွေးချယ်လိုပါက ကျောင်းနှစ်စဉ်တွင် ဖေဖော်ဝါရီနှင့် မတ်လတို့၌ ထိုစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုနိုင်သည်။ စာမေးပွဲဖြေဆိုရန် ရက်နှင့် အတန်းတည်နေရာ အတိအကျကိုသိရှိရန် ကျေးဇူးပြု၍ သင့်ကျောင်းအကြံပေးသူ (သို့) ဆရာအား တိုက်ရိုက်ဆက်သွယ်ပါ။

## ကျွန်ုပ်၏ကလေး ဘာအမှတ်(များ)ရမှာလဲ?

အကယ်၍ကျောင်းသားသည် AAPPL စာမေးပွဲဖြေဆိုပါက ရလဒ်ကို အထက်တန်းကျောင်းသား၏ အငယ်တန်း (သို့) အကြီးတန်းနှစ်၏နွေဦးတွင် ဘာသာစကား နှစ်မျိုး တတ်ကျွမ်းမှုဆုရရန် သူတို့၏အရည်အချင်းပြည့်မီမှု ဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ဒေသ အနေဖြင့်စဉ်းစားမည်။ အပိုင်းတစ်ပိုင်းစီ၏ ရမှတ်များကိုကျောင်းသားများအား တောင်းဆိုသည်မှလွဲ၍ အကြောင်းမကြားပါ။

## ဤအမှတ်များကိုဘယ်လိုအသုံးချရမလဲ?

ဘာသာစကားနှစ်မျိုးတတ်ကျွမ်းမှုဆုရရန် အပိုင်း ၃ ပိုင်းလိုအပ်သည် -

1. ဘွဲ့လိုအပ်ချက်များနှင့် ကိုက်ညီခြင်း
2. အင်္ဂလိပ်စာကျွမ်းကျင်မှုကို သက်သေပြခြင်း
3. တစ်ခု (သို့) တစ်ခုထက်ပိုသော ကမ္ဘာ့ဘာသာစကားများတွင် ကျွမ်းကျင်မှုကို သက်သေပြခြင်း

အကယ်၍ကျောင်းသားသည် AAPPL စာမေးပွဲကိုပြီးမြောက်ပါက ထိုအမှတ်ကို ကမ္ဘာ့ဘာသာစကား ကျွမ်းကျင်မှု အခြေခံစံနှုန်းနှင့် ကိုက်ညီမှုရှိမရှိကို ဆုံးဖြတ်ရာတွင် အသုံးပြုသည်။

## ထပ်တိုးအချက်အလက်များ

ကျွန်ုပ်တို့သည် သင့်အား သင့်ကလေး၏ပညာရေးတွင် ပါဝင်ရန်တိုက်တွန်းသည်။ သင့်ကလေး၏ဘာသာစကားဆက်လက် တိုးတက်မှုကိုကူညီရန် နှင့် လိုအပ်ပါက AAPPL စာမေးပွဲကိုပြီးမြောက်ရန် နည်းလမ်းများအတွက် သင့်ကလေး၏ဆရာ (သို့) အကြံပေးသူနှင့် ဆက်သွယ်ရန်ဝန်မလေးပါနှင့်

**ပိုမိုသိလိုပါက Seal of Biliteracy သို့ဝင်ရောက်ပါ**

- DPS Seal of Biliteracy (ဘာသာစကား နှစ်မျိုး တတ်ကျွမ်းမှု ဆု) - http://sealofbiliteracy.dpsk12.org/
  - ဘာသာစကားနှစ်မျိုး တတ်ကျွမ်းမှုဆု ဆိုတာဘာပါလဲ၊ ဘာသာစကားနှစ်မျိုး တတ်သည့်အကျိုးများ၊ လိုအပ်ချက်များနှင့် ထိုနှစ်အတွက် သတ်မှတ်ထားသည့် ရက်များသည်ဘာပါလဲ ဆိုသောအချက်အလက်များပါဝင်သည်။
  - AAPPL စာမေးပွဲ - http://aappl.actfl.org/ တွင် AAPPL စာမေးပွဲအကြောင်းနှင့် ကျောင်းသားများအတွက် အစမ်းလေ့ကျင့်သည့် စာမေးပွဲများပါရှိသည်။

အကဲဖြတ်မှုများနှင့်ပတ်သက်၍ သင့်ထံတွင်မေးခွန်း (သို့) ပူပန်စရာများရှိပါက သင့်ကလေး၏ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစု ရွေးကောက်တင်မြှောက်သူ ဝန်ဆောင်မှုများ(၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပါ။